

# ခမ္မသစ်ပရောဖက်များ



“ဆုကျေးဇူးတော် အထူးထူးအထွေထွေ ရှိပြားသော်လည်း ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။- ဓမ္မဆရာအမှု အထူးထူးအထွေထွေရှိပြားသော်လည်း
သခင်တစ်ပါးတည်းရှိ၏။- ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေ ရှိပြားသော်လည်း၊ ခပ်သိမ်းသော သူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသော
ဘုရားသခင်တစ်ပါးတည်းရှိ၏” (၁ ကောရိန္သု ၁၂:၄-၁၆)

မာလခိနောက်ပိုင်း နှစ်ပေါင်း ၄၀၀ တိုင်အောင် ဘုရားသခင်၏ လူမျိုးတော်ထံ ပရောဖက်များ၏ အသံတော် မကြားရတော့ပါ။ ထို့ကြောင့် ဣသရေလလူမျိုးတို့သည် ဓမ္မဟောင်းကျမ်း၏ ကျမ်းဂန်များကို အပြီးသတ်ပိတ်သိမ်းပြီးဖြစ်သည် ဟု ယူဆခဲ့ကြသည်။

သို့သော် ဘုရားသခင်သည် အချိန်ကြာမြင့်စွာ နှုတ်ဆိတ်မနေခဲ့ပါ။ သတ်မှတ်ထားသောအချိန်တွင် နှစ်ခြင်းဆရာယောဟန်ကို ပရောဖက်အဖြစ်စေလွှတ်တော်မူခဲ့သည် (မဿဲ ၁၁:၇–၉)။ ထိုအချိန်မှစ၍ ပရောဖက်များ ပြန်လည်ပေါ်ထွန်း လာပြီး ဓမ္မသစ်ကျမ်းကို ရေးသားရာတွင်လည်း ပါဝင်ခဲ့ကြသည်။

ဤပရောဖက်သစ်များနှင့် ပရောဖက်မများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။ ၎င်းတို့သည် မည်သူများဖြစ်ကြသနည်း။ ဓမ္မဟောင်းခေတ်ကဲ့သို့ မိစ္ဆာပရောဖက်များလည်း ရှိခဲ့သလော။





**ဓမ္မသစ်ခေတ် ပရောဖက်များ၏အခန်းကဏ္ဍများ**

**ဓမ္မသစ်ပရောဖက်များ-**

- ခရစ်တော် - ကြိုတင်ဟောထားသောပရောဖက်
- တမန်တော်များနှင့်ပရောဖက်များ
- ပရောဖက်မများ
- ရှင်ပေါလု၏လုပ်ဖော်ဆောင်ဖက်များ
- မိစ္ဆာပရောဖက်များ

# ခမ္မသစ်ခေတ် ပရောဖက်များ၏အခန်းကဏ္ဍများ

ပရောဖက်ပြုသောသူမူကား၊ တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်သာခြင်းအလို့ငှာ လူတို့အားဟောပြော၏” (၁ ကော ၁၄:၃)

ဓမ္မသစ်ကျမ်းတွင် ပရောဖက်ပြုခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်က ကြွယ်ဝစွာပေးသနားတော်မူသော ဝိညာဉ်ဆုကျေးဇူးတစ်ပါးဖြစ်သည် (ရောမ ၁၂:၆)။ အသင်းတော်တစ်ပါးတည်း၌ပင် ပရောဖက်များစွာရှိနိုင်သဖြင့် အလှည့်ကျဟောပြောကြရသည် (၁ ကော ၁၄:၂၉–၃၁)။

ဤပရောဖက်များ မည်သည့်အမှုတော်များကို ထမ်းဆောင်ခဲ့ကြသနည်း။ (ဗျာ ၁၉:၁၀; ၁:၁; ဧ ၄:၁၁-၁၂; ၁ ကော ၁၄:၃; တ ၁၅:၃၂)

ပရောဖက်တို့သည် လူတို့ကို ခရစ်တော်ထံသို့ ပို့ဆောင်ရန်ဖြစ်သည်။

**ခရစ်တော်၏သက်သေခံဖြစ်ရန်**



သူတို့သည် ယခုခေတ်ကာလထိဖြစ်ပျက်မည့်အ ဖြစ်အပျက်များကိုကြို တင်ဟောခဲ့ကြသည်။

**အနာဂတ္တိကိုကြားပြောရန်**



ရန်သူ၏တိုက်ခိုက်မှုကိုကြံ့ကြံ့ခံနိုင်အောင်၊ အသင်းတော်ကိုတည်ဆောက်ရန်ဖြစ်သည်။

**အသင်းတော်တည်ဆောက်ရန်**



လူတို့နောင်တရစေရန် အပြစ်ကိုဖော်ပြဆုံးမရန်

**တိုက်တွန်းခြင်း**



ယုဒနှင့် သိလတို့ကို ဤရည်ရွယ်ချက်အတွက် အသင်းတော်များထံ စေလွှတ်ခဲ့ကြသည်။

**နှစ်သိမ့်ခြင်း**











# ဓမ္မသစ်ပရော
# ဖက်များ



# ခရစ်တော် - ကြိုတင်ဟောထားသောပရောဖက်

“အကြောင်းမူကား၊ သူမှစ၍ သားစဉ်မြေးဆက်တို့သည် ထာဝရဘုရားအခွင့်နှင့် အမှုတော်ကို အစဉ်ဆောင်ရွက်စေခြင်းငှာ၊ သင်၏ဘုရား သခင်ထာဝရဘုရားသည်၊ သင်၏အမျိုးအနွယ်အပေါင်းတို့တွင် သူ့ကိုရွေးကောက်တော်မူပြီ” (တရားဟောရာ ၁၈း၅)

ယေရှုခေတ်က လူတို့သည် ကိုယ်တော်ကို ပရောဖက်တစ်ပါးအဖြစ် မှတ်ယူကြသည် (မဿဲ ၂၁း၁၁၊ မာကု ၅း၁၅၊ လု ၇း၁၆၊ ယော ၆း၁၄)



• သူကိုယ်တိုင်က မိမိကိုယ်ကို ပရောဖက်ဟု ခေါ်ဆိုခဲ့သည် (မာ ၆:၄; လု ၁၃: ၃၃)။ ပေတရုက ယေရှုသည် မောရှေနှင့် အခြားပရောဖက်များ ကြိုတင်ဟောထားသော ပရောဖက်တော်နှင့် မေရှိယဖြစ်ကြောင်း အတည်ပြုဟောကြားခဲ့သည် (တရား ၁၈:၁၅၊ တ ၃:၁၈–၂၆)။

သို့သော် ယေရှုသည် ကျမ်းရေးခဲ့သူမဟုတ်၊ သူကိုယ်တိုင်သည် နှုတ်ကပတ်တော်ဖြစ်တော်မူ၏ (ယော ၁း၁).





အခြားပရောဖက်များသည် အမှောင်ထဲ၌ ထွန်းလင်းသော အလင်းဖြစ်ကြသော်လည်း၊ ယေရှုသည် စစ်မှန်သောအလင်းတော်၊ ကိုယ်တိုင်ဖြစ်တော်မူ၏ (၂ ပေတရု ၁:၁၉၊ ယော ၁:၉၊ ၈:၁၂)။

ယေရှု၏အမှုတော်သည် ပရောဖက်အပေါင်းတို့ထက် သာလွန်သည်။ ကိုယ်တော်၏ အသက်တာ၊ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့အား ထာဝရအသက်ကို ပေးနိုင်သူမှာ ကိုယ်တော်တစ်ပါးတည်းသာ ဖြစ်သည်။



# တမန်တော်များနှင့်ပရောဖက်များ

“ထိုနက်နဲသောအရာကို သန့်ရှင်းသော တမန်တော်တို့နှင့် ပရောဖက်တို့အား၊ ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ၊ အခြားသောကာလတို့၌ လူမျိုးတို့အား ပြတော်မမူ” (ဧဖက် ၃း၅)

ဓမ္မသစ်ကျမ်းရှိ တမန်တော်များနှင့် ပရောဖက်များတွင် တူညီသော ဝိသေသလက္ခဏာများ ရှိကြသည်။

- ဘုရားသခင်စေလွှတ်သောသူများဖြစ်ကြသည် (လု ၁၁း၄၉)
- အသင်းတော်ဦးဆောင်ရန် ဝိညာဉ်ဆုကျေးဇူးရရှိကြသည် (၁ ကော ၁၂း၂၈-၂၉၊ ဧဖက် ၄း၁၁-၁၂)
- အသင်းတော်၏အခြေခံအုတ်မြစ်ဖြစ်ကြသည် (ဧဖက် ၂း၂၀)
- ဗျာဒိတ်တော်များရရှိကြသည် (ဧဖက် ၃း၅)
- တရားမျှတမှု၌ ဝမ်းမြောက်ကြသည် (ဗျာ ၁၈း၂၀)

တမန်တော်များနှင့် ပရောဖက်များကို အတူတကွ ဖော်ပြရာတွင် (လုကာ ၁၁:၄၉ မှလွဲ၍) တမန်တော်များကို ဦးစွာ ဖော်ပြထားသည်။ ပေတရုကလည်း တမန်တော်များ၏ သွန်သင် ချက်များကို ရှေးပရောဖက်များ၏ စကားများနှင့် ဆက်စပ်ဖော်ပြထားသည် (၂ ပေတရု ၃:၂)။



တမန်တော်များသည် ရှင်ပြန်ထမြောက်ခြင်းကို သက်သေခံဖို့ ယေရှုကိုယ်တိုင်ခန့်ထားတော်မူသောသူများဖြစ်ကြသည် (တမန် ၁၀း၄၀-၄၁)





ဓမ္မသစ်ကျမ်းတွင် ဗာနဗ၊ ရှိမုန်၊ လူစိ၊ မာနင်၊ ပေါလု၊ ယုဒ၊ သိလနှင့် အာဂဗုတို့အပါအဝင် ပရောဖက်များစွာကို ဖော်ပြထားသည် (တမန် ၁၁:၂၇; ၁၃:၁; ၁၅:၃၂; ၁၉:၆-၇; ၂၁:၁၀)။

# ပ ရော ဖ က် မ များ

## “ထိုသူ၌ ပရောဖက်ပြုသော သမီးကညာ လေးယောက်ရှိ၏” (တမန်တော် ၂၁း၉)



ဓမ္မသစ်ကျမ်းတွင် အမည်ဖြင့် ဖော်ပြထားသော ပရောဖက်မတစ်ဦးတည်းမှာ အန္နဖြစ်သည်။ သူမ သည် ယေရုရှလင်မြို့၏ ရွေးနုတ်ခြင်းကို မျှော်လ စောင့်စားနေသူအပေါင်းတို့အား ယေရှုသူငယ်အ ကြောင်းကို ပြောကြားလေ၏ (လုကာ ၂:၃၆-၃၈)။



ဧဝံဂေလိဆရာ ဖိလိပ္ပု၏ သမီးလေးဦးတို့သည် လည်း ပရောဖက်ပြုခြင်းဆုကျေးဇူးကို ရရှိခဲ့ကြ သည် (တမန်တော် ၂၁:၈-၉)။

အမျိုးသား၊ အမျိုးသမီး နှစ်မျိုးစလုံး ပ ရောဖက်ပြုခြင်းအမှုကို ဆောင်ရွက် နိုင်ကြောင်း ကျမ်းစာက ဖော်ပြထား သည် (၁ ကောရိန္သု ၁၁:၄-၅)။



ယောလက နောက်ဆုံးသောကာလတွင် သားသမီး၊ လူအိုလူငယ်၊ ကျွန်ယောကျ်ား နှင့် ကျွန်မိန်းမတို့သည် ပရောဖက်ပြု ကြမည်ဟု သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ကြိုတင်ဟောခဲ့သည် (ယောလ ၂:၂၈-၂၉)။



# ရှင်ပေါလု၏လုပ်ဖော်ဆောင်ဖက်များ

“ငါ့သားတိမောသေ၊ သင့်ကိုရည်မှတ်၍ ဟောပြောခဲ့ပြီးသော အနာဂတ္တိစကားကို သင် သည် အမှီပြု၍၊ ယုံကြည်ခြင်းကိုလည်းကောင်း၊ ကိုယ်ကိုကိုယ်သိသော စိတ်ကြည် လင်ခြင်းကိုလည်းကောင်းစွဲလမ်း၍ ကောင်းသောစစ်ကို တိုက်စေခြင်းငှာ၊ ထားခဲ့ပြီးသော ထိုအနာဂတ္တိစကားနှင့်အညီ၊ အထက်ငါဆိုခဲ့ပြီးသော ပညတ်ထားခြင်းအခွင့်ကို သင်၌ ငါအပ်ပေး၏” (၁ တိမောသေ ၁း၁၈)



တမန်တော်များ၊ ပရောဖက်များနှင့် ပရောဖက်မများအပြင် သိလနှင့်ဗာနဗတို့ကို ပရောဖက်ဆုကျေးဇူးရှိသည်ဟု ဖော်ပြထားသည်။

## တိမောသေ



သူ့ကိုအမှုတော်အတွက် ခေါ်တော်မူခြင်းကို ကြိုဟောထားသည် (၁ တိမော ၁း၁၈)။ ပေါလုနှင့်အတူ ၂ ကောရိန္သု၊ ဖိလိပ္ပိ၊ ကောလောသဲ၊ ၁ နှင့် ၂ သက်သာလောနိတ်၊ ဖိလေမုန်တို့ကို ပူးတွဲရေးသားခဲ့သည်။

## တိတု



အသင်းတော်ကိုတည်ဆောက်ပေးခြင်း (၂ ကော ၈း၆)၊ တိုက်တွန်းနှိုးဆော်ခြင်း (တိတု ၂း၆၊ ၉၊ ၁၅)၊ နှစ်သိမ့်အားပေးခြင်း (၂ ကော ၇း၁၃) စသည့် ပရောဖက်ပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။



# မိ စ္ဆာ ပ ရော ဖ က် များ

“ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့် စပ်ဆိုင် သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား၊ မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့ သွားကြပြီ” (၁ ယောဟန် ၄း၁)



ယေရှုသည် မိစ္ဆာပရောဖက်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သတိပေးခဲ့ပြီး၊ ၎င်းတို့ကို “လုယူဖျက်ဆီးတတ်သော ဝံပုလွေများ” ဟု ခေါ်ဆိုခဲ့သည် (မဿဲ ၂၄း၂၄၊ ၇း၁၅)။ ထိုမိစ္ဆာပရောဖက်များသည် ကနဦးအသင်းတော်အတွင်း၌ပင် ပေါ်ပေါက်လာခဲ့ကြသည် (၁ ယော ၄း၁)။

ပေါလုသည် ဧဖက်မြို့ရှိ အသင်းလူကြီးများအား ၎င်းတို့အထဲမှ “ရက်စက်ကြမ်းကြုတ်သော ဝံပုလွေများ” ပေါ်လာမည်ဟု သတိပေးခဲ့သည် (တမန်၂၀း၂၉)။ ထို့ပြင် ကောရိန္သုအသင်းတော်ကိုလည်း “မိစ္ဆာတမန်တော်များ” ရှိကြောင်း သတိပေးခဲ့သည် (၂ ကော ၁၁း၁၃)။



စစ်မှန်သော ပရောဖက်ပြုချက်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီသည်။ ခရစ်တော်ကို ညွှန်ပြကာ အသင်းတော်ကို တည်ဆောက်ပေးသည်။ မိစ္ဆာပရောဖက်များမူကား ကွဲပြားစေသော အယူဝါဒများနှင့် ကိုယ်ကျိုးစီးပွားရှာကြသည်။

ယုံကြည်သူများသည် ပရောဖက်တို့၏ သတင်းစကားများကို စစ်ဆေး၍ သမ္မာကျမ်းစာနှင့်ညီညွတ်ပြီး ခရစ်တော်ကို ဗဟိုပြု ကြောင်း သေချာစေရမည်။



မိစ္ဆာပရောဖက်များနှင့် ၎င်းတို့၏ မကောင်းဆိုးဝါးတန်ခိုးများကို ခုခံရန် တစ်ခုတည်းသော ကာကွယ်မှုမှာ ဘုရားသခင်ပေးတော်မူသော လက်နက်စုံကို ဝတ်ဆင်ခြင်းဖြစ်သည် (ဧဖက် ၆း၁၀-၁၈)။

ဘိုးဘေးများ၊ ပရောဖက်များနှင့် တမန်တော်များ သည် မိမိတို့အလိုအလျောက်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းလှုံ့ဆော်မှုဖြင့် ဟောပြောခဲ့ကြသည်။ မိမိတို့၏အစွမ်းအစမဟုတ်ဘဲ ဘုရားသခင်ထံမှ ရရှိသောတန်ခိုးနှင့် သတင်းစကားဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ချီးမွမ်းခြင်းအလုံးစုံသည် ဘုရားသခင်နှင့်သာ သက်ဆိုင်သောကြောင့်၊ ကိုယ်တော်သည် သူတို့၏အခွင့်အာဏာနှင့် ခွန်အားအရင်းအမြစ် ဖြစ်တော်မူသည်။

**EGW (To Be Like Jesus, July 30)**

# နောက်ဆက်တွဲ — အယ်လင်ဂျီဝှိုက်၏ အမှုဆောင်ခြင်း အဓိကအခြေခံမှုများ

အယ်လင်ဂျီဝှိုက်၏ အမှုတော်ဆောင်ခြင်းတွင် အဓိကရည်ရွယ်ချက်နှစ်ရပ်ရှိသည်။ လူ တို့ကို ယေရှုခရစ်ထံသို့ ပို့ဆောင်ရန်နှင့် သမ္မာကျမ်းစာကို အာရုံစိုက်စေရန်ဖြစ်သည်။



**ပထမအဓိကအချက် — ယေရှုခရစ်တော်**

၁၈၈၈ ခုနှစ် ညီလာခံအပြီး ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို မေးမြန်းသော အခါ၊ သူမက “ခရစ်တော်၏ နှိုင်းယှဉ်၍မရသော အလုတရားနှင့် ဘုန်းတော်အကြောင်းကို လွန်ခဲ့သော ၄၅ နှစ်တိုင်အောင် သင်တို့အား ငါဟောပြောခဲ့ပြီးဖြစ်သည်” ဟု ပြန်လည်ဖြေကြားခဲ့သည်။ ( Sermons and Talks, အတွဲ ၁၊ စာမျက်နှာ ၁၁၆)





**ဒုတိယအဓိကအချက် — သမ္မာကျမ်းစာ**

အယ်လင်သည် မိမိရေးသားချက်များကို သမ္မာကျမ်းစာထက် သာလွန်သည်ဟု မဆိုခဲ့ပါ။ ထိုရေးသားချက်များကို သမ္မာကျမ်းစာနှင့် တိုက်ဆိုင် စစ်ဆေးရန် အစဉ်တိုက်တွန်းခဲ့သည်။ သခင်ဘုရား၏ တမန်တော် အ ဖြစ် မိမိကိုယ်ကို “သာ၍ကြီးမြတ်သောအလင်းတည်းဟူသော သမ္မာ ကျမ်းစာထံသို့ လမ်းညွှန်ပေးသော အလင်းငယ်” ဟု သဘောထား ခဲ့သည် (Selected Messages, အတွဲ ၃၊ စာမျက်နှာ ၂၉)။

